#quit4baby

# ဆေးလိပ်သောက်တာ ကလေးအတွက် ဖြတ်လိုက်ပါ။

Safer Baby

WORKING TOGETHER TO REDUCE STILLBIRTH



## ကျွန်ုပ်ဆေးလိပ်သောက်လို့ ကလေးအတွက် မည်သည့်အန္တရာယ်တွေ ရှိသနည်း။

- **ကိုယ်ဝန်ပျက်ကျခြင်း သို့မဟုတ် ကလေး အသေ မွေးဖွားခြင်း**
- ကလေးကို သင် စောပြီး မွေးကောင်းမွေးနိုင်သည်။ (ကိုယ်ဝန်ဆောင်ကာလ 37 ပတ် မတိုင်မီ)
- ကလေးအိပ်ပျော်နေစဉ် အကြောင်းပကတိမှ ရုတ်တရက် သေဆုံးခြင်း (SUDI သို့မဟုတ် ကလေးကုတင်တွင် သေဆုံးမှု)
- မွေးကင်းစ ကိုယ်အလေးချိန် နည်းခြင်းနှင့် အသက်ရှူရာတွင် ပြဿနာများရှိခြင်း

## ကိုယ်ဝန်ဆောင်ချိန် ဆေးလိပ်ဖြတ်သည့်အတွက် မည်သည့် အကျိုးကျေးဇူးများ ရှိသနည်း။

- ကျန်းမာရေးတိုးတက်ပြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာခြင်း
- သင့် မှာ ငွေပိုငွေလျှံ ရှိလာခြင်း
- သင့်ကလေးမှာ အာဟာရ ပိုကောင်းစွာ ရရှိမည်ဖြစ်ခြင်း
- ဘေးဖြစ်နိုင်သည့်-ဓာတုပစ္စည်းများ သင့်သွေးထဲ လျော့နည်းသွားခြင်း

**ဆေးလိပ်သောက်ခြင်းသည် ကလေးအသေမွေးဖွားခြင်း၏ အဓိက အကြောင်းရင်း တစ်ခု ဖြစ်သည်။**

ဆေးလိပ်ဖြတ်ခြင်းဆိုင်ရာ ဆက်သွယ်ရန်လိုင်းကို 13 7848 တွင် ဖုန်းဆက်ပါ သို့မဟုတ် visit quit.org.au ကို ဖွင့်ဖတ်ပါ။

Stillbirth CENTRE OF RESEARCH EXCELLENCE

Quit

PERINATAL SOCIETY of Australia & New Zealand PSANZ

SANDA Stillbirth And Neonatal Death Alliance

#quit4baby

# ဆေးလိပ်သောက်တာ ကလေးအတွက် ဖြတ်လိုက်ပါ။

Safer Baby

WORKING TOGETHER TO REDUCE STILLBIRTH

## ကိုယ်ဝန်ဆောင်ချိန်ဆေးလိပ်ဖြတ်ခြင်းမှ မည်သည့်အကျိုးကျေးဇူးများရနိုင်သနည်း။

သင် ဆေးလိပ်ဖြတ်ရန် စဉ်းစားလျှင် သင့်ဝမ်းဆွဲဆရာမ၊ ကုသနေကျဆရာဝန် သို့မဟုတ် သားဖွားဆရာဝန်တို့က သင့်ကို ကူညီနိုင်ပါသည်။ သူတို့က -

- သင့်ပြောင်းလဲမှုကို ကူညီရန် ဆွေးနွေးအကြံပေးခြင်း ဝန်ဆောင်မှုများ
- အချို့အမျိုးသမီးများအတွက် ဆေးလိပ်ဖြတ်ခြင်းဆိုင်ရာ အထောက်အကူ ပစ္စည်းများ လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။



ကိုယ်ဝန်ဆောင်အမျိုးသမီးများ အများဆုံးသုံးသည့် ဆွေးနွေးအကြံပေးခြင်း ဝန်ဆောင်မှုမှာ Quitline ဖြစ်ပြီး သင့် စိတ်သန့်သန့် ဆေးလိပ်ဖြတ်ခြင်းကို ကူညီရန်အထူးလေ့ကျင့်ထားသောဝန်ထမ်းများရှိသည်။ သင့်မြို့နယ်အတွင်းမှ ဆေးလိပ်ဖြတ်ခြင်း အခမဲ့ဖုန်းလိုင်းကို 13 7848 တွင် ဆက်သွယ်ပါ - သို့မဟုတ် ကိုယ်ဝန်ဆောင်အမျိုးသမီးများအဖို့ လုပ်ထားသည့် 'သင့်အတွက်ဆေးလိပ်ဖြတ်ခြင်း - နှစ်ဦးအဖို့ ဖြတ်ခြင်း' 'Quit for you - quit for two' ကို ဒေါင်းလုတ်ဒ်လုပ်ပါ။

**စောစီးစွာဆေးလိပ်ဖြတ်ခြင်းမှာအကောင်းဆုံးဖြစ်သည် - သို့သော် ကိုယ်ဝန်ဆောင်ချိန် မည်သည့်အချိန်တွင်မဆို ဆေးလိပ်ဖြတ်ခြင်းက သင်ရော ကလေးအဖို့ပါအကျိုးရှိသည်။**

## ကိုယ်ဝန်ဆောင်ချိန်နှင့်ပတ်သက်သည့် ယုံတမ်းစကားများနှင့် အမှန်တရား

**ကျမက ကိုယ်ဝန်သုံးလ ရှိနေပြီ။ အခုမှ ဆေးလိပ်ဖြတ်လို့ ဘာထူးမည်နည်း။**

ဆေးလိပ်ဖြတ်ခြင်းသည် မည်သည့်အခါမှ နောက်မကျပါ။ ကိုယ်ဝန်ဆောင်ချိန် မည်သည့်အချိန်မဆို ဆေးလိပ်ဖြတ်ခြင်းက သင်ရော သင့်ကလေးအတွက်ပါ ဘေးအန္တရာယ်လျော့နည်းစေပါသည်။

**ကျမ ဆေးလိပ်လျှော့သောက်ရင်ကော။**

ဆေးလိပ်လျှော့သောက်ခြင်းဖြင့် သင် သို့မဟုတ် သင့်ကလေးအတွက် ဘေးအန္တရာယ် မလျော့နည်းစေပါ။

**ကျမ စိတ်ပင်ပန်းချိန်မှာ ဆေးလိပ်သောက်လို့ အပန်းပြေပါသည် - □ဒါ ကလေးအတွက် မကောင်းဘူးလား။**

အမှန်မှာ ဆေးလိပ်သောက်ခြင်းသည် သင့်နှလုံးခုန်နှုန်းကို မြင့်တက်စေကာ သွေးပေါင်ချိန်ကို တိုးစေပြီး ကလေး၏ နှလုံးခုန်နှုန်းကို ထိခိုက်စေပါသည်။ အခြားသောနည်းလမ်းဖြင့် အပန်းဖြေရန် ရှာဖွေခြင်းက သင်ရော သင့်ကလေးအတွက်ပါ ပိုမိုကောင်းမွန်ပြီး အန္တရာယ်ကင်းပါသည်။

**ဆေးလိပ်ဖြတ်ခြင်းဆိုင်ရာ ဆက်သွယ်ရန်လိုင်းကို 13 7848 တွင် ဖုန်းဆက်ပါ သို့မဟုတ် visit quit.org.au ကို ဖွင့်ဖတ်ပါ။**

Stillbirth CENTRE OF RESEARCH EXCELLENCE

Quit

PERINATAL SOCIETY of Australia & New Zealand PSANZ

SANDA Stillbirth And Neonatal Death Alliance